# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

June 21 , 2022 | Volume 55, Number 15


### ၂၁.၆.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၃၅ US$ |
| မြန်မာ့ရွှေဈေး | = ၂၀၅၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၀၉၀ ကျပ် |
| CBM Rate | = ၁၈၅၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၉၅၄.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၃၆.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၂၇၆.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၉၀.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၆.၂၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၆၉၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၃.၂၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၀.၆၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၂.၄၄၅ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ပြည်တွင်းအထည်ချုပ်စက်ရုံများ ယခုနှစ် နှစ်စပိုင်းမှစ၍ တစ်လလျှင် စက်ရုံငါးရုံ အသစ်ဖွင့်လှစ်နေပြီး လုပ်သားဦးရေ ငါးသိန်းခန့်အလုပ်အကိုင်အခွင့်အလမ်းများရရှိနေ

ပြည်တွင်းအထည်ချုပ်စက်ရုံများ ၂၀၂၂ ခုနှစ် နှစ်စပိုင်းမှစတင်၍ တစ်လလျှင် စက်ရုံငါးရုံအသစ်ဖွင့်နေပြီး လုပ်သားဦးရေ ငါးသိန်းခန့် အလုပ်အကိုင်အခွင့်အလမ်းများရရှိနေကြောင်း အလုပ်သမားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးညွန့်ဝင်းက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံရှိ အထည်ချုပ်လုပ်ငန်းကဏ္ဍတွင် တောင်အာရှနှင့် အရှေ့တောင်အာရှတို့က အများဆုံးလုပ်ကိုင်နေပြီး တစ်လလျှင် အထည်ချုပ်စက်ရုံသစ်ငါးရုံ ဖွင့်လှစ်နေသောကြောင့် လုပ်သားဦးရေ ငါးသိန်းခန့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနေကြောင်းသိရသည်။

"လက်ရှိအထည်ချုပ်လုပ်ငန်းကဏ္ဍမှာ တောင်အာရှနှင့်အရှေ့တောင်အာရှနိုင်ငံတွေက အဓိကလာရောက်လုပ်ကိုင်နေပါတယ်။ အထည်ချုပ်လုပ်ငန်းကတော့ လတ်တလောကာလမှာ အလုပ်အကိုင်အခွင့်အလမ်းရရှိမှုနဲ့ လုပ်အားပါဝင်မှုကလည်း အများဆုံးဖြစ်ပါတယ်။ ဒီနှစ် နှစ်စကစပြီးတော့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ဆိုရင် လစဉ်အထည်ချုပ်လုပ်ငန်း အသစ်ငါးခုတိုးနေပါတယ်။ နှစ်စကနေ လက်ရှိကာလထိ လုပ်သားငါးသိန်းလောက် အလုပ်အကိုင်အခွင့်အလမ်းတွေရနေပြီဖြစ်ပါတယ်" ဟု ဦးညွန့်ဝင်းကပြောပြသည်။

ထိုသို့အထည်ချုပ်စက်ရုံသစ်များ တိုးချဲ့ဖွင့်လှစ်နိုင်ခြင်းကြောင့် မေလက အထည်ချုပ်စက်ရုံများအတွက် လုပ်သားဦးရေ ၂၀၀၀၀ ကျော်ကို အလုပ်အကိုင်အခွင့်အလမ်းများပေးနိုင်ခဲ့ကြောင်း ယခုနှစ် နှစ်စပိုင်းက အသစ်ဖွင့်လှစ်သည့်စက်ရုံများတွင် အထည်ချုပ်စက်ရုံများမှာ အများဆုံးဖြစ်ပြီး ဒုတိယမှာ အိတ်ချုပ်စက်ရုံနှင့် တတိယမှာ ဖိနပ်ချုပ်စက်ရုံဖြစ်ကြောင်းသိရသည်။

လက်ရှိအထည်ချုပ်စက်ရုံများတွင် အလုပ်သမားအသစ်များကို ကိုဗစ်ကာကွယ်ဆေးထိုးနှံပြီးစီးမှု ရှိ၊ မရှိ စီစစ်ခြင်း၊ ကာကွယ်ဆေးမထိုးနှံရသေးသူများကို ထိုးနှံပေးရခြင်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေကြောင်းသိရသည်။

**Source:** ရတနာပုံသတင်းစာ

## မန္တလေးဈေးကွက်အတွင်း မြင်းမူဘက်မှထွက်ရှိသည့်ဂျုံများ ပိဿာ ၆၀ ဝင်တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀ ဈေးနှုန်းမြင့်တက်

မန္တလေးဈေးကွက်အတွင်း မြင်းမူဘက်မှ ထွက်ရှိသည့်ဂျုံများ အရောင်းအဝယ်ကောင်းမွန်လာပြီး ပိဿာ ၆၀ ဝင်တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀ ဈေးနှုန်းမြင့်တက်လာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍သိရသည်။

ယခုလက်ရှိ မြင်းမူဘက်မှ ဂျုံအသစ်များ မန္တလေးဈေးကွက်အတွင်း ဝင်ရောက်လာပြီး ကုန်သည်များက ဝယ်ယူမှု ပြန်လည်များပြားလာသဖြင့် ဈေးကွက်အတွင်း၌ ဈေးနှုန်းများပြန်လည်မြင့်တက်လာကြောင်း သိရသည်။

“မန္တလေးဈေးကွက်ထဲမှာ ငါန်းဇွန်၊ မြို့သာ၊ မုံရွာတွေဘက်ကဝင်လာတဲ့ ဂျုံတွေလဲရှိပါတယ်။ ဒါပေမဲ့လဲ မြင်းမူဘက်က ဂျုံတွေက မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်အနည်းငယ် ပြန်ကောင်းလာတာကြောင့် ဈေးနှုန်းက အတက်ဘက်ကို ပြန်ရောက်သွားတယ်” ဟု ဦးစက်မောင်ဆွေကပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ဇွန်လပထမပတ်က မြင်းမူဘက်မှထွက်ရှိသည့်ဂျုံများ အရောင်းအဝယ်အေးနေခဲ့ခြင်းကြောင့် ပိဿာ ၆၀ ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၅၀၀၀ သာရှိခဲ့သော်လည်း ယခုအခါ အဆိုပါဂျုံများ မန္တလေးဈေးကွက်အတွင်း အဝယ်လိုက်လာခြင်းကြောင့် ယနေ့(ဇွန်-၁၈)တွင် ပိဿာ ၆၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၃၀၀၀၀ ပေါက်ဈေးရှိနေပြီး ငွေကျပ် ၅၀၀၀ ဈေးနှုန်းမြင့်တက်လာကြောင်း သိရသည်။

“မန္တလေးဈေးကွက်ထဲမှာ ဂျုံအရောင်းအဝယ်လုပ်တဲ့ကုန်သည်တွေ အခုလတ်တလော တော်တော်လေးပြန်ပြီး များလာတယ်။ ပြည်ပဈေးကွက်ကိုတော့ ဂျုံတင်ပို့မှုက အနည်းငယ်လောက်ပဲရှိတယ်။ ဂျုံဈေးကတော့ အခုတက်နေပေမဲ့ နောက်ပိုင်းဈေးနှုန်းက ပုံမှန်အတိုင်း ပြန်ဖြစ်ဖို့အလားလာရှိပါတယ်” ဟု ဦးစက်မောင်ဆွေက ပြောပြ၍သိရသည်။

Source: ရတနာပုံသတင်းစာ

## ကုန်သွယ်ရေးစခန်းများမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလ(၁) ရက်နေ့မှ ဇွန်လ (၁၀) ရက်နေ့ထိ သစ်သီးဝလံများတင်ပို့မှုနှိုင်းယှဉ်ချက်စာရင်း

တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း

တန်ချိန်-ကိန်းပြည့်

| စဉ် | (၄.၆.၂၀၂၂ မှ (၁၀.၆.၂၀၂၂)ထိ | | | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (၁၀.၆.၂၀၂၂)နေ့ထိ | | ၂၀၂၁-၂၀၂၂ဘဏ္ဍာနှစ် (၁၀.၆.၂၀၂၁)နေ့ထိ | | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (၁၀.၆.၂၀၂၀)နေ့ထိ | |
|---|---|---|---|---|---|---|---|---|---|
| | **သစ်သီးအမျိုးအစား** | **တန်** | **တန်ဖိုး** | **တန်** | **တန်ဖိုး** | **တန်** | **တန်ဖိုး** | **တန်** | **တန်ဖိုး** |
| ၁ | ဖရဲသီး | | | ၁၀၄၂၄.၅၀ | ၁.၇၅၆ | ၉၅၉၂၇.၂၂ | ၈.၅၀၆ | ၁၄၂၄၃၅.၅၀ | ၁၃.၀၀၄ |
| ၂ | သခွားမွှေး | | | ၃၃၆၁.၅၀ | ၀.၇၉၂ | ၄၃၀၂၉.၅၀ | ၈.၇၇၈ | ၃၂၆၀၅.၅၀ | ၆.၆၅၂ |
| ၃ | လိမ္မော်သီး | | | | | | | ၇၉၂.၀၀ | ၀.၁၀၅ |
| ၄ | သရက်သီး | ၂၇၄၂.၅၀ | ၁.၁၅၄ | ၁၂၀၇၁.၃၀ | ၅.၀၇၂ | ၂၅၉၆၂.၃၀ | ၁၀.၉၀၂ | ၃၆၃၆၆.၅၀ | ၁၅.၂၇၃ |
| ၅ | ပန်းသီး | | | | | ၂၆၁.၀၀ | ၀.၀၉၉ | | |
| ၆ | ထောပတ်သီး | | | ၅.၀၀ | ၀.၀၀၁ | | | | |
| ၇ | တစ်သျှူးငှက်ပျော | ၇၂၆၄.၀၀ | ၂.၇၄၉ | ၈၂၄၅၇.၀၀ | ၃၁.၆၈၁ | ၇၀၅၆၈.၀၀ | ၂၇.၅၃၃ | ၁၅၀၂၅၉.၀၀ | ၆၃.၄၈၆ |
| ၈ | သံပုရာသီး | | | | | | | ၁၅၀.၀၀ | ၀.၀၂၁ |
| ၉ | ငှက်ပျောသီး(ရိုးရိုး) | | | ၄.၅၀ | ၀.၀၀၁ | ၁၂၇.၀၀ | ၀.၀၂၀ | ၅၀၄၄.၀၀ | ၀.၇၃၅ |
| ၁၀ | အုန်းသီး | ၄၅.၀၀ | ၀.၀၁၈ | ၂၅၇.၀၀ | ၀.၁၀၃ | ၂၀.၄၆ | ၀.၀၀၉ | | |
| ၁၁ | MACADIMIA | | | ၅၀.၀၀ | ၀.၀၅၀ | ၅၇.၁၆ | ၀.၁၃၂ | | |
| ၁၂ | မက်မန်းသီး | | | ၂၆.၆၀ | ၀.၀၀၇ | ၁.၀၀ | ၀.၀၀၀၂ | | |
| | **စုစုပေါင်း** | ၁၀၀၅၁.၅၀ | ၃.၉၂၁ | ၁၀၈၆၅၇.၄၀ | ၃၉.၄၆၃ | ၂၃၅၉၅၃.၆၄ | ၅၅.၉၇၉ | ၃၆၇၆၅၂.၅၀ | ၉၉.၂၇၆ |

**Source: ကုန်သွယ်ရေးဦးစီးဌာန**

## ကုန်သွယ်ရေးစခန်းများမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလ(၁) ရက်နေ့မှ ဇွန်လ (၁၀) ရက်နေ့ထိ သစ်သီးဝလံများတင်သွင်းမှုနှိုင်းယှဉ်ချက်စာရင်း


တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း

တန်ချိန်-ကိန်းပြည့်

| စဉ် | (၄.၆.၂၀၂၂ မှ (၁၀.၆.၂၀၂၂)ထိ | | | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (၁၀.၆.၂၀၂၂)နေ့ထိ | | ၂၀၂၁-၂၀၂၂ဘဏ္ဍာနှစ် (၁၀.၆.၂၀၂၁)နေ့ထိ | | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (၁၀.၆.၂၀၂၀)နေ့ထိ | |
|---|---|---|---|---|---|---|---|---|---|
| | သစ်သီး အမျိုးအစား | တန် | တန်ဖိုး | တန် | တန်ဖိုး | တန် | တန်ဖိုး | တန် | တန်ဖိုး |
| ၁ | ပန်းသီး | ၃၈.၁၅ | ၀.၀၂၃ | ၈၆၆.၆၅ | ၀.၄၃၈ | ၅၇၇၂.၀၈ | ၁.၇၉၆ | ၂၁၉၇.၁၅ | ၀.၆၇၂ |
| ၂ | ပန်းသစ်တော်သီး | ၃၇.၇၅ | ၀.၀၂၃ | ၂၀၂.၈၁ | ၀.၁၁၃ | ၄၅၁.၆၈ | ၀.၁၄၄ | ၄၇၅.၅၀ | ၀.၁၄၄ |
| ၃ | ဒူးရင်းသီး | | | | | ၆.၄၀ | ၀.၀၀၄ | ၀.၆၅ | ၀.၀၀၀၄ |
| ၄ | လိမ္မော်သီး | ၁၆.၀၇ | ၀.၀၀၉ | ၈၄၇.၉၄ | ၀.၄၀၃ | ၄၇၅၂.၄၅ | ၁.၄၁၈ | ၃၃၅၀.၉၅ | ၁.၀၀၃ |
| ၅ | စပျစ်သီး | ၃.၁၀ | ၀.၀၀၄ | ၄၉.၉၉ | ၀.၀၅၁ | ၁၅၉.၅၄ | ၀.၁၁၅ | ၂၉၃.၁၅ | ၀.၁၄၂ |
| ၆ | သရက်သီး | | | ၄၇.၆၉ | ၀.၀၁၉ | ၇၃.၄၅ | ၀.၀၁၃ | ၃၃.၃၀ | ၀.၀၀၆ |
| ၇ | နဂါးမောက်သီး | | | ၁၀၁.၆၂ | ၀.၀၅၁ | ၇၈.၆၄ | ၀.၀၃၁ | ၂၅.၂၅ | ၀.၀၁၁ |
| ၈ | ရင်ခန်းသီး | ၉၃.၂၂ | ၀.၀၁၉ | ၆၀၀.၀၆ | ၀.၁၁၉ | ၈၁၃.၄၂ | ၀.၀၉၈ | ၃၄၅.၇၅ | ၀.၀၄၀ |
| ၉ | နန်းမြားသီး | ၃၇၄.၅၆ | ၀.၀၇၅ | ၆၆၈၁.၄၆ | ၁.၃၃၆ | ၁၈၂၂.၉၆ | ၀.၂၂၁ | ၃၈၆၃.၉၅ | ၀.၄၅၇ |
| ၁၀ | တည်သီး | ၅.၈၀ | ၀.၀၀၂ | ၆၃.၁၀ | ၀.၀၂၅ | ၃.၀၀ | ၀.၀၀၀၄ | | |
| ၁၁ | ဖရဲသီး | | | ၆.၀၀ | ၀.၀၀၁ | ၂.၀၀ | ၀.၀၀၀၃ | ၄.၆၀ | ၀.၀၀၁ |
| ၁၂ | သခွားမွေး | | | ၆.၀၀ | ၀.၀၀၁ | ၁၂.၀၀ | ၀.၀၀၂ | ၀.၈၀ | ၀.၀၀၀၁ |
| ၁၃ | ဆန်းကစ်သီး | | | | | ၄၅.၄၆ | ၀.၀၃၆ | | |
| ၁၄ | MACADIMIA | | | | | | | | |
| ၁၅ | ကီဝီသီး | | | | | ၀.၄၀ | ၀.၀၀၀၄ | | |
| | စုစုပေါင်း | ၅၆၈.၆၅ | ၀.၁၅၅ | ၉၄၇၃.၃၂ | ၂.၅၅၇ | ၁၃၉၉၃.၄၈ | ၃.၈၇၉ | ၁၀၅၉၁.၀၅ | ၂.၄၇၇ |

**Source: ကုန်သွယ်ရေးဦးစီးဌာန**

## အိန္ဒိယနိုင်ငံက သကြားပြည်ပတင်ပို့မှု ထပ်မံကန့်သတ်နိုင်ဖွယ်ရှိ




https://www.foodindustrydirectory.com.mm

အိန္ဒိယနိုင်ငံက သကြားပြည်ပတင်ပို့မှု အများဆုံးပမာဏ ကန့်သတ်ထားခြင်းကို ဒုတိယအကြိမ်အဖြစ် အောက်တိုဘာလမှာစတင်ပြီး ကျင့်သုံးဖွယ်ရှိသည်။ ပြည်တွင်းသကြား ဖူလုံစေရေးနှင့် ပြည်တွင်းသကြားဈေးနှုန်းများ ဈေးမတက်အောင် ထိန်းထားရန်အတွက်ဖြစ်သည်။

အိန္ဒိယသည် ကမ္ဘာပေါ်တွင် သကြားအများဆုံး ထုတ်လုပ်နေသည့်နိုင်ငံဖြစ်ပြီး ၂၀၂၂ အောက်တိုဘာလမှ ၂၀၂၃ စက်တင်ဘာလအထိ သကြားပြည်ပတင်ပို့မှုကို တန်ချိန် ၆~ ၇ သန်းအထိသာ ခွင့်ပြုရန် ကန့်သတ်နိုင်ဖွယ်ရှိသည်။ လက်ရှိ သကြားရာသီကာလတစ်လျှောက်တင်ပို့ခဲ့သည်ထက် သုံးပုံတစ်ပုံခန့် လျော့နည်းမည်ဖြစ်သည်။ ကြံအများဆုံးထွက်သည့် Maharashtra တွင် မိုးဦးကာလတွင် ပျမ်းမျှမိုးရေချိန်၏ ၆၀% အောက်တွင်သာ ရွာသွန်းခဲ့သဖြင့် ကြံစိုက်ခင်းများထိခိုက်ပြီး အထွက်နည်းဖွယ်ရှိသည်။

အိန္ဒိယနိုင်ငံသည် ၆ နှစ်တာ ကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ပြည်ပသို့ သကြားတင်ပို့မှုများအတွက် အများဆုံးပမာဏ ကန့်သတ်ချက်ကို မေလ ၂၄ ရက်တွင် ထုတ်ပြန်ခဲ့ရာ ယခုနှစ် သကြားရာသီတွင် တန်ချိန် ၁၀ သန်းအထိသာ ပို့ခွင့်ပြုထားပါသည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/4618-india-sugar-export-limit.html

## မတ်ပဲနှင့်ကြက်သွန်နီဈေး အကျဘက်ပြန်ရောက်

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ ပြီးခဲ့တဲ့အပတ် သောကြာနေ့အပိတ်ဈေးတုန်းက တစ်တန်ကို ၁၆၁၂၀၀၀ ကျပ်ထိရှိခဲ့တဲ့ မတ်ပဲ အက်ဖ်အေကျူအာစီ (၂၀၂၂) က ဒီနေ့ (ဇွန် ၁၉)အဖွင့်ဈေးမှာတော့ ၁၆၀၅၀၀၀ ကျပ် ပြန်ဖြစ်သွားပြီး ၇၀၀၀ ကျပ် ပြန်လျော့လာပါတယ်။ ပြီးခဲ့တဲ့နှစ်ပတ်ခန့်ကစလို့ တောက်လျှောက်အတက်ပြနေရာကနေ ဒီနေ့(ဇွန်လ ၁၉)မှာတော့ ပြန်ကျသွားတာပါ။

မတ်ပဲ အက်ဖ်အေကျူအာစီ (၂၀၂၁) ကတော့ ဒီနေ့(ဇွန် ၁၉)ပေါက်ဈေး တစ်တန်ကို ၁၇၀၉၀၀၀ ကျပ် ရှိနေပြီး ၁၂၀၀၀ ကျပ်ထိ ဈေးကျခဲ့တာပဲဖြစ်ပါတယ်။ တစ်ပိဿာကို ၁၉၀၀ ကျပ်ထိရောက်အောင် ဆက်တိုက်ဈေးတက်သွားခဲ့တဲ့ ကြက်သွန်နီဈေးဟာဆိုရင်လည်း ပြီးခဲ့တဲ့အပတ်က အနည်းငယ်စီပြန်ကျခဲ့ရာကနေ ဒီတစ်ပတ်အဖွင့်ဈေးဖြစ်တဲ့ ဒီနေ့(ဇွန် ၁၉)မှာလည်း ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ အနည်းငယ်ထပ်ကျခဲ့ပြီး တစ်ပိဿာ ၁၇၅၀ ကျပ်ထိ ပြန်ဖြစ်သွားပါတယ်။

ဒီနေ့(ဇွန် ၁၉)ရန်ကုန် ဘုရင့်နောင်ဈေးကွက် ကြက်သွန်နီနဲ့ မတ်ပဲဈေးနှုန်းတွေက အောက်ပါအတိုင်းပဲဖြစ်ပါတယ် –

| | |
|---|---|
| မတ်ပဲ(အက်ဖ်အေကျူအာစီ) (၂၀၂၂) ဘုရင့်နောင် | 1605000 ကျပ် |
| မတ်ပဲ(အက်စ်ကျူအာစီ) (၂၀၂၁) ဘုရင့်နောင် | 1790000 ကျပ် |
| ကြက်သွန်နီ (ဆိပ်ဖြူရှယ်)(သစ်) (၁)ပိဿာ | 1750 ကျပ် |
| ကြက်သွန်နီ (ဆိပ်ဖြူလတ်ကြီး) (၁)ပိဿာ | 1650 ကျပ် |
| ကြက်သွန်နီ (ဆိပ်ဖြူလတ်သန့်) (၁)ပိဿာ | 1450 ကျပ် |
| ကြက်သွန်နီ(ဆိပ်ဖြူလတ်ချော) (၁)ပိဿာ | 1100 ကျပ် |

**Source:** https://greenwaymyanmar.com/posts/market_price_for_june_20

## မြန်မာ–ဘင်္ဂလားဒေ့ရှ် တိုက်ရိုက်ကုန်သွယ်မှုတိုးမြှင့်ရန်စီစဉ်

မြန်မာ–ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံကုန်သွယ်မှုတွင် နယ်စပ်လမ်းကြောင်းမှတစ်ဆင့် ကုန်သွယ်ခြင်းထက် ကုန်သွယ်မှုလမ်းကြောင်းသစ်ဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်းအထိ တိုက်ရိုက်ကုန်သွယ်မှုကို တိုးချဲ့သွားရန်စီစဉ်နေကြောင်း ရခိုင်ပြည်နယ် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (RSCCI) မှ သိရသည်။

လက်ရှိ မြန်မာပြည်၏ရေထွက်ကုန်ပစ္စည်းများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းနှင့်ဒါကာဈေးကွက်သို့ တိုက်ရိုက်တင်ပို့ခြင်းက ပြီးခဲ့သည့်မေလအတွင်းက ဘင်္ဂလားဒေ့ရှ်၏ကမ်းလှမ်းမှုဖြင့် စတင်ပြုလုပ်ခဲ့ပြီးဖြစ်ကာ ယခုအခါ အဆိုပါကုန်သွယ်မှုကို ထပ်မံတိုးမြှင့်နိုင်ရန် စီစဉ်နေခြင်းဖြစ်သည်။

နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုများအနေဖြင့် ၂၀၂၂ ခုနှစ် ဧပြီလအတွင်း စစ်တွေ (ရွှေမင်းဂံဆိပ်ကမ်း) နှင့် မောင်တော (ကညင်ချောင်း ကုန်သွယ်ရေးဇုန်ဆိပ်ကမ်း) နှစ်ခုတို့မှ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၆၃ သန်းတန်ဖိုး ကုန်သွယ်မှုပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ပြီးခဲ့သည့် မေလအတွင်းကလည်း မြန်မာ–ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၆ သန်းဖိုး ကုန်သွယ်မှုပြုလုပ်နိုင်ခဲ့ပြီး ယခင်လများထက် ကုန်သွယ်မှုပမာဏမြင့်တက်လာခဲ့ကြောင်းသိရသည်။ ဘ ဂ်လားဒေ့ရှ် နယ်စပ်ကုန်သွယ်မှုများထဲတွင် ရေထွက်ပစ္စည်းတင်ပို့မှုမှာ အဓိကဖြစ်ပြီး မြန်မာပြည်မှတင်ပို့သည့် ပို့ကုန်အားလုံး၏ ၅၁ ရာခိုင်နှုန်းရှိကြောင်းသိရသည်။

**Source:** http://sdtimedaily.com/

## ဒါးပိန်ပန်းပုရွာရှိ ပန်းပုအလုပ်ရုံများမှ Lucky Fish ပန်းပုရုပ်များကို မှာယူမှုရှိနေသောကြောင့် ထုလုပ်ပေးနေရ



Source: ရတနာပုံသတင်းစာ

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဒါးပိန်ပန်းပုရွာရှိ ပန်းပုအလုပ်ရုံများမှထုလုပ်ထားသည့် Lucky Fish ပန်းပုရုပ်များကို ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ (အရှေ့ပိုင်း)တို့က မှာယူမှုရှိနေသောကြောင့် ထုလုပ်ပေးနေရကြောင်း လှည်းကူးမြို့နယ် ဒါးပိန်ပန်းပုကျေးရွာရှိ မြင့်မိုရ်ဦး ပန်းပုလုပ်ငန်းပိုင်ရှင် ဦးအေးချမ်းက ပြောပြ၍သိရသည်။

ယခုအခါ ပြည်တွင်း၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုလျော့နည်းလာသည့်အတွက် ပြည်တွင်းပန်းပုဈေးကွက်မှာလည်း ပြန်လည်လည်ပတ် လာပြီဖြစ်ကြောင်း၊ ထို့ပြင် ပြည်ပနိုင်ငံများကလည်း ပန်းပုထည်များ ပြည်လည်မှာယူနိုင်သည့်အနေအထားသို့ ရောက်ရှိလာသည့်အတွက် ပြည်တွင်း၊ ပြည်ပဈေးကွက်ကောင်းမွန်လာသည့်အတွက် ယခုကဲ့သို့ ပန်းပုရုပ်များကို မှာယူမှုများရှိနေကြောင်း သိရသည်။

“မတ်လကုန်လောက်ကစပြီး ကျွန်တော်တို့ဆီမှာ အလုပ်ရုံတွေအလုပ်ပြန်ရလာကြတယ်။ အစပိုင်းတော့ အထည်ကြီး အရုပ်ကြီးတွေ အော်ဒါမရဘဲ နှစ်ပေပတ်လည်၊ သုံးပေပတ်လည် ကျွန်းပန်းကွက်လက်ရာတွေပဲ အော်ဒါတက်နေတယ်။ အခု ဇွန်လတတိယပတ်အတွင်းမှာတော့ အလျား သုံးပေနှစ်လက်မ၊ အမြင့် ၁၅ လက်မ Lucky Fish ပန်းပုရုပ်တွေ အမှာတက်လာတယ်။ အသားကတော့ ပိတောက်သား၊ ပျဉ်းကတိုးသားတွေပါ။ ရှမ်းပြည်နယ်ဘက်က အရုပ် ၅၀ လောက် အော်ဒါတက်ထားတယ်။ အသားရတဲ့အပေါ် မူတည်ပြီး ပြီးသလောက် ပို့ပေးရမှာပါ။ သူတို့ဘယ်လောက်ရောင်းမယ်တော့ မသိပါဘူး။ ကျွန်တော်တို့ဆီကတော့ တစ်ရုပ်ကို လက်ခ ငွေကျပ် တစ်သိန်းလောက်တော့ရပါတယ်” ဟု ဦးအေးချမ်းက ပြောပြသည်။

လက်ရှိ Lucky Fish ပန်းပုရုပ်များသည် ဈေးကွက်အတွင်း တစ်ရုပ်လျှင် ငွေကျပ် ၂၇၀၀၀၀ ဈေးရှိကြောင်း၊ ပန်းပုထည်များကို ထုလုပ်ရာတွင် စိတ်ကြိုက်ပန်းပုရုပ်တုများ ထုလုပ်ခြင်းထက် ဈေးကွက်မှာယူသည့် အရွယ်အစား၊ ပုံစံကိုသာ အဓိကထား ထုဆစ်နေရကြောင်းသိရသည်။

**Source: ရတနာပုံသတင်းစာ**

## မြန်မာ့ရွှေဈေးကွက်နှင့် ကမ္ဘာ့ရွှေဈေးကွက်ချိတ်ဆက်မိရန် ပြည်တွင်းရွှေဈေးကွက်အတွင်းသို့ ပြည်ပမှရွှေတင်သွင်းသွားမည်



Source: ရတနာပုံသတင်းစာ

မြန်မာရွှေဈေးကွက်နှင့် ကမ္ဘာ့ရွှေဈေးကွက် ချိတ်ဆက်မိရန် ပြည်တွင်းရွှေဈေးကွက်အတွင်းသို့ ပြည်ပမှ ရွှေတင်သွင်းသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းပိုင်ရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က ပြောပြ၍သိရသည်။

ပြည်ပနိုင်ငံများမှ ရွှေတင်သွင်းခြင်းအားဖြင့် နည်းပညာပိုင်းဆိုင်ရာ တိုးတက်မှုရှိလာမည်ဖြစ်ပြီး အလေအလွင့်လျော့နည်းသွားမည်ဖြစ်သကဲ့သို့ မြန်မာ့ရွှေဈေးကွက်နှင့် ကမ္ဘာ့ရွှေဈေးကွက် ချိတ်ဆက်မိသည့်အတွက် ရွှေဈေးကို ထိန်းညှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

“အဓိကအချက်ကတော့ မြန်မာ့ရွှေဈေးကွက်နဲ့ ကမ္ဘာ့ရွှေဈေးကွက်ကို ချိတ်ဆက်မိအောင်လုပ်တာပါ။ နောက် ပြည်တွင်းရွှေဈေးကွက်ထဲကို ရွှေအဝင်နည်းလာတဲ့အတွက် ပြည်ပကနေ ရွှေတင်သွင်းဖို့ လိုအပ်နေတာဖြစ်ပါတယ်။ ဒီလိုတင်သွင်းလိုက်ရင် နည်းပညာပိုင်းမှာတိုးတက်မှုရှိလာမယ်။ ဥပမာအားဖြင့် ရွှေကိုသန့်စင်နိုင်မှုဟာ အခုထက်ပိုပြီး အဆင့်မြင့်လာမယ်။ ၉၉ ဒသမ ၉၉ ရာခိုင်နှုန်းထိ သန့်စင်လာနိုင်မယ်။ နောက်တစ်ခါ ရွှေထည်ဒီဇိုင်းတွေဆိုရင် သရီးဒီ ဒီဇိုင်းထိလုပ်နိုင်သွားမယ်။ ရွှေထည်တွေက ကွန်ပျူတာနည်းစနစ်နဲ့ အသေးစိတ်ထိသွားနိုင်လို့ အလျော့တွက်လက်ခတွေ မရှိတော့ဘူး။ ဒီမှာက လက်ပန်းထိမ်ဆိုတော့ အလျော့တွက်လက်ခတွေ ပါနေသေးတယ်။ အလေ့အလွင့်ရှိတယ်။

ကွန်ပျူတာနည်းစနစ်နဲ့ဆိုရင် အလေအလွင့်မရှိတော့ဘူး။ နောက်တစ်ခါရှယ်ယာထည့်ကို တင်သွင်းလာမယ်၊ ပြီးတော့ ပြန်တင်ပို့မယ်။ ကုန်ကြမ်းပေး၊ ကုန်ချောယူတွေဖြစ်လာမယ်။ ဒီအထိ မှန်းဆဆောင်ရွက်နေပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ရှေ့လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်ကပြောပြသည်။

မြန်မာနိုင်ငံသို့ ရွှေတင်သွင်းခြင်းကို အာဆီယံနိုင်ငံများမှ အဓိကတင်သွင်းမည်ဖြစ်ပြီး ထိုကဲ့သို့တင်သွင်းရခြင်းမှာ အခွန်လွတ်ဇရိယာ လက်မှတ်ရေးထိုးထားသည်အတွက်ဖြစ်ကြောင်း သိရသည်။

အာဆီယံနိုင်ငံများအပြင် အခြားရွှေကုန်သွယ်ဖက်နိုင်ငံများနှင့်လည်း ကုန်သည်ကြီးများအသင်း အချင်းချင်း အခွန်လွတ်ကုန်သွယ်မှုလက်မှတ်ရေးထိုးထားသည့်အတွက် အဆိုပါနိုင်ငံများမှလည်း ရွှေတင်သွင်းမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် ကုန်သွယ်ဖက်နိုင်ငံများမှ နိုင်ငံခြားသားများအနေဖြင့်လည်း မြန်မာ့ရွှေထည်များကို လွတ်လပ်စွာဝယ်ယူခြင်း၊ တစ်ဆင့်ပြန်လည်ရောင်းချခြင်းများကို ပြုလုပ်နိုင်သည့်အပြင် မြန်မာ့ရွှေဈေးကွက်နှင့် ကမ္ဘာ့ရွှေဈေးကွက် ချိတ်ဆက်မိသည့်အတွက် ပြည်တွင်းရွှေဈေးတည်ငြိမ်မှုရှိလာမည်ဖြစ်ကြောင်း သိရသည်။

Source: ရတနာပုံသတင်းစာ

## STOCK EXCHANGE (21.6.2022)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 21st Jun. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,400 | -100 | -1.33% | 7,500 | 7,500 | 7,400 | 1,080 | 8,046,900 | 33,109,694 | 245,012 |
| MTSH | 00002 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 1,330 | 3,524,500 | 38,929,150 | 103,162 |
| MCB | 00003 | 6,900 | +0 | +0.00% | 6,900 | 6,900 | 6,900 | 135 | 931,500 | 10,400,986 | 71,767 |
| FPB | 00004 | 17,500 | +0 | +0.00% | 17,500 | 17,500 | 17,500 | 485 | 8,487,500 | 2,472,053 | 43,261 |
| TMH | 00005 | 2,550 | +0 | +0.00% | 2,550 | 2,550 | 2,550 | 94 | 239,700 | 12,823,224 | 32,699 |
| EFR | 00006 | 2,550 | +0 | +0.00% | 2,550 | 2,550 | 2,550 | 5 | 12,750 | 19,977,223 | 50,942 |
| AMATA | 00007 | 4,900 | +100 | +2.08% | 4,900 | 4,900 | 4,900 | 1 | 4,900 | 10,497,598 | 51,438 |


### Market summary

As of 21st Jun. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 343.92 | -1.30 | -0.38% | 345.22 | 345.82 | 343.92 | 3,130 | 21,247,750 | 7 | 598,281 |

**Index chart**



## Market Overview

### Main Board

As of 1:00 pm, 21st Jun. 2022

| MYANPIX | 343.92 ▼ 1.30 |
|---|---|
| Total Volume (shares) | 3,130 |
| Total Value (MMK) | 21 mil |
| Listed Company | 7 |
| Market Cap. (MMK) | 598,281 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,400 | ▼ 100 |
| MTSH | 00002 | 2,650 | ▲ 0 |
| MCB | 00003 | 6,900 | ▲ 0 |
| FPB | 00004 | 17,500 | ▲ 0 |
| TMH | 00005 | 2,550 | ▲ 0 |
| EFR | 00006 | 2,550 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 100 |

TIR